# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 24, 2020 Volume 28, Number 15


**၂၄.၂.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၆၁/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၅၆၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၄၆/- ကျပ် |
| CBM Rate | = ၁၄၄၇.၁ /ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၈.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၃၂.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၇၀.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၉၉.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၅၄.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၅.၉၁ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၁၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၈.၈၈ ကျပ် |
| မလေးရှားရင်းဂစ် | =၃၄၂.၅၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၅.၇၁၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်တွင်းထုတ်ကုန်များကို နိုင်ငံတကာတွင် “Made in Myanmar” အဖြစ် အသုံးပြုနိုင်ပြီ




ပြည်တွင်းထုတ်ကုန်များကို နိုင်ငံတကာတွင် Made in Myanmar အဖြစ် အသိအမှတ်ပြုသော GS1 Barcode များကို စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဖေဖော်ဝါရီလ ၂၂ ရက်က မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ် (UMFCCI) တွင် ကျင်းပပြုလုပ်သော GS1 Myammar စတင် မိတ်ဆက်ခြင်းအခမ်းအနားမှသိရသည်။

UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက “မြန်မာ့ထုတ်ကုန်တွေက နိုင်ငံတကာစံချိန်စံညွှန်း နဲ့ညီတဲ့ တံဆိပ်မရှိတဲ့အတွက် နိုင်ငံတကာ ဈေးကွက်မှာတင်ပို့ရောင်းချတဲ့အခါမှာ ကျနော်တို့က ထိုင်းနဲ့စင်ကာပူမှာရှိတဲ့ Barcode အဖွဲ့တွေနဲ့ ပူးပေါင်းတပ်ဆင်တဲ့အခါ ကိုယ့်နိုင်ငံပစ္စည်းဖြစ်ပေမယ့် Barcode ဖတ်တဲ့အခါ သူများနိုင်ငံကပစ္စည်းလို့ပဲပေါ်တဲ့ အတွက် အခက်အခဲတွေရှိခဲ့တယ်။ ပြည်တွင်းထုတ်ကုန်များအတွက် အကျိုးကျေးဇူးတွေ လည်းရလာမှာဖြစ်တယ်”ဟုပြောသည်။

မြန်မာနိုင်ငံကိုယ်စားပြု ကိုယ်ပိုင်နံပါတ် 883 ကို တရားဝင်ဘားကုဒ်အဖြစ်ရရှိမည် ဖြစ်ပြီး ပြည်တွင်းထုတ်ကုန်များသည် တရားဝင် GS1 စံချိန်စံညွှန်းကို မည်သည့်နိုင်ငံမှ အားကိုးစရာမလိုပဲ မိမိနိုင်ငံထုတ်ဖြင့် သုံးစွဲနိုင်ပြီဖြစ်ကြောင်း ၎င်းကပြောသည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအနေနှင့်လည်း တခြားနိုင်ငံများကို အားကိုးစရာ မလိုဘဲ မိမိတို့၏နံပါတ် 883 ကို အသုံးပြုပြီး ထုတ်ကုန်များကို Made in Myanmar အဖြစ် ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ကြောင်း ဦးဇော်မင်းဝင်းကပြောသည်။

မြန်မာဘားကုဒ်အသင်းဥက္ကဋ္ဌ ဦးဝေဖြိုးက “မြန်မာပြည်မှာ ထုတ်လုပ်ရောင်းချတဲ့ ကုန်ပစ္စည်းများအတွက် နိုင်ငံတကာအဆင့်မီ၊ နိုင်ငံတကာအသိအမှတ်ပြု GS1

Barcodes များကို တရားဝင်စတင်ရောင်းချနေပြီဖြစ်ပါတယ်၊ ဒီ Barcode အသုံးပြုပါက ကုန်သွယ်မှုကဏ္ဍအတွက်ရော၊ စားသုံးသူကာကွယ်ရေးအတွက်ပါ အကျိုးရှိပါတယ်၊ အခုဆိုရင် GS1 Myanmar ကနေ ထုတ်လုပ်ပေးတာ ကုမ္ပဏီပေါင်း ၃၀၀ ကျော်ရှိပါပြီ” ဟုပြောသည်။ ဆက်လက်၍ ၎င်းက “အခုချိန်မှာ GS1 Myanmar ရှိတဲ့ အတွက် အခက်အခဲတွေ ပပျောက်ပြီး နိုင်ငံတကာဈေးကွက်မှာ မြန်မာထုတ်ကုန်တွေကို ဂုဏ်ယူဝင့်ကြွားစွာနဲ့ ရဲရဲဝင့်ဝင့် ကိုယ်နံပါတ်နဲ့ကိုယ် တရားဝင်ရောင်းချလို့ရပါပြီ” ဟု ၎င်းကပြောသည်။ ၂၀၁၉ ခုနှစ်၊ မေလတွင် Belgium နိုင်ငံရှိ GS1 Global Office (ရုံးချုပ်) Myanmar Barcode Association (MBA) ၏ မြန်မာနိုင်ငံအနေဖြင့် GS1 Member Organization အဖြစ် လျှောက်ထားမှုအား Turkeyနိုင်ငံ၊ Istanbul မြို့တွင်ကျင်းပသော GS1 General Assembly ၌ တရားဝင်အသိအမှတ်ပြု ကြေငြာခဲ့ပါသည်။

GS1 သည် Non–Profit Organization တစ်ခုဖြစ်ပြီး နိုင်ငံတကာတွင်သုံးစွဲနေသော Bar Code နှင့် ပတ်သက်၍ ဝန်ဆောင်မှု ပေးနေသည့် အဖွဲ့အစည်းဖြစ်သည့်အပြင် စီးပွားရေးလုပ်ငန်းများအချင်းချင်း ဆက်သွယ်ရာတွင် ပိုမိုထိရောက်၍ စွမ်းဆောင်ရည် ပြည့်ဝစေရန်အတွက် Global Standards များအား ပံ့ပိုးကူညီနေသောအဖွဲ့အစည်းလည်းဖြစ်ပါသည်။ GS1 Barcode ကိုသုံးစွဲခြင်းကြောင့် မည်သည့်နေရာတွင်မဆို ကုန်ပစ္စည်းနှင့်ပတ်သက်သောအချက်အလက်များ တိကျ မြန်ဆန်စွာသိရှိခြင်း၊ ကုန်ပစ္စည်းများ လေလွင့်ပျက်စီးဆုံးရှုံးမှုများ လျော့ချနိုင်ခြင်း၊ ကုန်စည်ဖြန့်ဖြူးခြင်းနှင့်သိုလှောင်ခြင်းတွင် စနစ်တကျ ထိန်းချုပ် နိုင်ခြင်း ၊ နံပါတ်များကို တစ်ကမ္ဘာလုံးကလက်ခံသုံးစွဲသည့်အတွက် မိမိတို့၏ကုန်ပစ္စည်းများကို ပြည်တွင်းရှိမည်သည့်ဆိုင်တွင် မဆို ရောင်းချနိုင်မည့်အပြင် အခြားနိုင်ငံများသို့တင်ပို့ရောင်းချရာတွင်လည်း အဆင်ပြေလွယ်ကူခြင်းစသည်တို့ကို လုပ်ဆောင် နိုင်မည်ဖြစ်ကြောင်းသိရသည်။

ယင်းအပြင် ပြည်တွင်း ထုတ်ကုန်များကို ကမ္ဘာ့စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဝယ်ယူ ရောင်းချသည့် ၏နေရာတွင် ပိုမိုလွယ်ကူစေရေး၊ ပြည်တွင်း/ပြည်ပ ဈေးကွက်များကို ထိရောက်စွာထိုးဖောက်နိုင်ရေးတို့အတွက် တကမ္ဘာလုံးမှ အသိအမှတ်ပြုလက်ခံထားသော GS1 စနစ်ကို ပြည်တွင်းထုတ်လုပ်သူများအနေဖြင့် စတင်ပြောင်းလဲသုံးစွဲသင့် ကြောင်းလည်း ဦးဝေဖြိုးကပြောကြားခဲ့သည်။

**Source:** https://burma.irrawaddy.com/news/2020/02/23/216240.html

## ပြည်တွင်းထုတ်နှင့် တစ်ပတ်ရစ်ကားဈေးကွက် အရောင်းအဝယ်ပြန်လိုက်လာ




ပြည်တွင်းထုတ်ကားများနှင့် တစ်ပတ်ရစ် ဂျပန်ကား ဈေးကွက် အရောင်းအဝယ်ပြန်လိုက်လာကြောင်း ကားအရောင်း အဝယ် ပြုလုပ်သူများကပြောသည်။ တစ်ပတ်ရစ် ဂျပန်ကား ဈေးကွက်တွင် ပေါက်ဈေးထက် လျှော့ရောင်းနေမှုများရှိလာ ခြင်းကြောင့် ဝယ်လိုသူများလာ ကြောင်း MMM မော်တော်ယာဉ် အရောင်းစင်တာပိုင်ရှင် ဦးမင်းမင်းမောင်ကဆိုသည်။ “ကလူကာ နဲ့ ဟာရီယာဆို ဈေးအကျကြမ်းနေတယ်။ မော်ဒယ်အလိုက် တစ်စီးကို သိန်း ၇၀ ဝန်းကျင်လောက် လျှော့ရောင်းနေတဲ့ ဟာတွေရှိတယ်။ အဲဒါကြောင့် တခြားတစ်ပတ်ရစ် အာရာဖတ် တို့လည်း တစ်စီးကို ပေါက်ဈေးထက် ၁၅ သိန်းလောက်ကျနေတယ်”ဟု ၎င်းကပြောသည်။

ဝန်ထမ်းပါမစ် ယာယီရပ်ဆိုင်းပြီး နောက်ပိုင်းမှသာ ပြည်တွင်းထုတ်ကားများနှင့် တစ်ပတ်ရစ်ကားဈေးကွက်သည် ရောင်း ဝယ်မှုအခြေအနေ ပြန်ကောင်းလာခြင်းဖြစ်ကြောင်း ကားဝယ်ရောင်းလုပ်ကိုင်သူ ကိုစောဇင်ညီကဆိုသည်။ “အခုရက်ပိုင်း ပွဲစားတန်းတွေမှာဆို နေ့တိုင်း အရောင်းအဝယ်ရှိလာတယ်။ အဝယ်ပြန်လိုက်လာတာပိုများတယ်။ အင်ဂျင်ပါဝါ ၁၅၀၀ စီစီနဲ့ ၂၀၀၀ ကြားရှိတဲ့ ပရိဘောက်စ်တို့၊ မတ်တူးတို့က ပိုအရောင်းဖြစ်လာတယ်”ဟု ၎င်းကပြောသည်။ ပြည်တွင်းထုတ်ကားများတွင် ကျပ်သိန်း ၃၀၀ မှ ၄၀၀ ခန့်ရှိသည့် ဆူဇူကီး အာတီကာ၊ ဟွန်ဒိုင်း၊ Soueast နှင့် Borgward အမှတ်တံဆိပ်ကားများ အရောင်းအဝယ်ပိုဖြစ်လာကြောင်း လမင်းတစ်ရာ မော်တော်ယာဉ်အရောင်းစင်တာပိုင်ရှင် ဦးဆွေထွန်းကဆိုသည်။ “Nissan

Latio နဲ့ တခြားအကွာရာနိမ့်ကားတွေ ဈေးလျှော့ရောင်းလာကြတယ်။ နောက်ပြီး ဆူဇူကီး အာတီကာတွေပါ တစ်ပတ်ရစ် ဈေးကွက်ထဲဝင်လာတယ်။ အဲဒီတော့ ဝယ်ရောင်းဈေးကွက်ထဲမှာ တန်တယ်ဆိုရင် ဆွဲထားလိုက်ကြတာများတယ်” ဟု မော်တော်ယာဉ်ရောင်းဝယ်ရေးအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးအောင်သန်းဝင်းကပြောကြားသည်။

**Source:** https://7day.news/detail?id=179574

## တရုတ်နိုင်ငံအတွင်း ကူးသန်းရောင်းဝယ်မှုအချို့ အနည်းငယ်ပြန်လည်လှုပ်ရှားလာပြီဖြစ်သဖြင့် မြန်မာဘက်မှ သစ်သီးယာဉ်ဝင်ရောက်မှုလည်း အနည်းငယ်မြင့်တက်လာ



တရုတ်နိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ကူးစက်မြန် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြောင့် တရုတ်နိုင်ငံအတွင်းတွင် တစ်မြို့နှင့်တစ်မြို့ ကူးသန်းသွားလာမှုကန့်သတ်ထားခြင်းကြောင့် မြန်မာဘက်မှတရုတ်ဘက်သို့ တင်ပို့သော ကုန်စည်တင်ပို့မှုများလည်း နှောင့်နှေးခဲ့ရကြောင်းသိရသည်။ ပုံမှန်အားဖြင့် ယခုအချိန်ကာလတွင် မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းတွင် တစ်ရက်လျှင် သစ်သီးတင်ယာဉ် အစီးရေ ၇၀၀ နှင့် ၁၀၀၀ ကြား ဝင်ရောက်ရမည့်အချိန်ကာလဖြစ်ပြီး လက်ရှိအချိန်တွင် တရုတ်နိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးကြောင့် တစ်ရက်လျှင် သစ်သီးတင်ယာဉ်စီးရေ ၁၀၀ ဝန်းကျင်ခန့်သာ အရောင်းအဝယ်ဖြစ်တော့ကြောင်းသိရသည်။

“အခုရက်ပိုင်းတော့ တစ်ရက်တစ်ရက်ကို သစ်သီးကားစီးရေ တစ်ရာကျော်လောက်တော့ ရောင်းရတယ်။ ဝူဟန်ဗိုင်းရပ်စ်စဖြစ်တုန်းကထက်စာရင်တော့ နည်းနည်းလေးတော့ ရောင်းအားတက်လာတဲ့သဘောပေါ့။ တရုတ်နိုင်ငံထဲမှာက ကုန်စည်ကူးသန်းတဲ့လမ်းတွေပေါ် ဖြတ်သန်းခွင့်က ကန့်သတ်ထားတော့ မြန်မာဘက်က တင်ပို့တဲ့သစ်သီးတွေက ဈေးကွက်မရှိသေးတဲ့သဘောပေါ့။ မြန်မာနဲ့ထိစပ်နေတဲ့ ယူနန်ပြည်နယ်ထဲက နယ်အချို့လောက်ပဲ ဖရဲ၊ သခွားတွေရောင်းနိုင်သေးတယ်” ဟု မူဆယ် ၁၀၅ မိုင်နယ်စပ်ကုန်သွယ်ရေးဇုန်ရှိ သစ်သီးကုန်စည်ဒိုင်တစ်ခုမှ ဦးအိုက်ကြီးကပြောကြားသည်။

ဖေဖော်ဝါရီ ၂၁ ရက်တွင် တရုတ်နိုင်ငံ အတွင်းမှ သစ်သီးလာရောက်ဝယ်ယူသူ ဝယ်လက် ၂၄၅ ဦး ရှိပြီး ဖရဲကား ၉၁ စီး၊ သခွားမွှေးကား ၉၆ စီး ၊ ဖရုံသီးကားနှစ်စီး စုစုပေါင်းသစ်သီးကား ၁၈၉ စီး ရောင်းချခဲ့သည့်အနက် ၁၆၆ စီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင့် ကုန်စည်ဒိုင်စာရင်းများအရသိရှိရသည်။ “တရုတ်ဘက်မှာတော့ လမ်းအချို့ပြန်ဖွင့်တယ်လို့ကြားတယ်။ အရင်ကတည်းက လမ်းတွေကတော့မပိတ်ဘူး။ ဒါပေမယ့် မြို့အဝင်အထွက်တွေကတော့ ကန့်သတ်စိစစ်ထားတော့ အသွားအလာမရှိတဲ့သဘောပေါ့။ အခုကအရင်ရောင်းထားတဲ့အသီးတွေရော အခုရောင်းထားတဲ့သစ်သီးတွေရော ပြည်နယ်အများကြီးကို တရုတ်ဝယ်လက်တွေက မဖြန့်နိုင်သေးဘူး။ ယူနန်ပြည်နယ်နဲ့ဆက်စပ်တဲ့ နှစ်ပြည်နယ် သုံးပြည်နယ်လောက်ပဲ ပို့နိုင်သေးတယ်။ ဖရဲသီး အဓိက ဈေးကွက်ရှိတဲ့ မြို့တွေက အခုရောဂါဖြစ်လို့ ကန့်သတ်ထားတဲ့ နယ်မြေတွေထဲပါနေတော့ ဖရဲသီးက ရောင်းအားမကောင်းသေး ဘူး။ အခုလက်ရှိ အချိန်မှာတော့ တစ်ရက်ကို ဖရဲကားက ၁၀၀ ဝန်းကျင်လောက်ပဲ ရောင်းနေရတယ်။ ဒါတောင် ဖရဲကြားသီးဆိုရင် ဝယ်လက်ကမရှိဘူး။ အခုက တရုတ်ထဲမှာ စူပါမားကက်တွေကတော့ ဖွင့်ပြီ။ညေ့ခံပွဲတို့အခြားပွဲလမ်းတွေက လုံးဝပိတ်ထားတော့ အသီးအနှံရောင်းအားက မရှိသေးဘူးပေါ့။ ဆိုင်တွေဖွင့်ပြီးဆိုလည်း ဆိုင်မှာထိုင်မစားခိုင်းဘူး။ ပါဆယ်ပဲ ဆွဲကြတာများတယ်။ အခုက သူတို့ဆီမှာ အွန်လိုင်းပေါ်ကပဲ ဈေးဝယ်ကြတာများတော့ ဖရဲသီးဆိုရင်လည်း အရမ်းကြီးတွေဆို ရောင်းရတာအဆင်မပြေတော့တဲ့သဘောပေါ့” ဟု မူဆယ် (၁၀၅) မိုင် နယ် စပ်ကုန်သွယ်ရေးဇုန်ရှိသစ်သီးဝလံကုန်စည်ဒိုင်မှ ဒေါ်ရီရီခိုင်ကပြောကြားသည်။ “တရုတ်ထဲမှာတော့ လမ်းတွေကပြန်ဖွင့်နေပါပြီ။ ဒါပေမယ့် လူတွေက အပြင်မထွက်ကြတော့ ဖရဲသခွားတွေ ဝယ်စားမယ့်သူမရှိဘူးပေါ့။ အဓိကတော့ဒါပါပဲ။ ဝယ်စားမယ့်သူမရှိတော့ ရောင်းအားမကောင်းဘူးပေါ့။ အခုတော့ မြန်မာဘက်က သစ်သီးဈေးကွက်အထဲကို တရုတ်ဝယ်လက်တွေ တစ်ရက်ကို ၁၀၀ ကျော်လောက်တော့ ဝင်လာနေပါပြီ” ဟု သစ်သီးကုန်သည်တစ်ဦးဖြစ်သူ မနန်းခမ်းယဉ်ကပြောကြားသည်။

ဖေဖော်ဝါရီလဆန်းပိုင်းတွင် တရုတ်နိုင်ငံ ဝမ်တိန်သစ်သီးပွဲရုံများတွင် သစ်သီးအရောင်းအဝယ်မဖြစ်သဖြင့် တရုတ်ဝယ်လက်များ ဝယ်ယူထားသည့် ဖရဲနှင့်သခွားသီး အများအပြားပျက်စီးခဲ့ရကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့ထိ မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၂၈၃ ဒသမ ၅၇၉ သန်းရရှိခဲ့ပြီး မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းလေးခုမှ ကုန်သွယ်မှုဒေါ် လာ၂၀၉၉ ဒသမ ၄၁၂ သန်းအထိရှိခဲ့ကာ မူဆယ်နယ်စပ်ကုန်သွယ်ရေးမှ ဒေါ်လာ ၁၇၁၇ ဒသမ ၉၅၄ သန်းအထိ ကုန်သွယ်မှုပြုလုပ်ထားနိုင်ခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/160771

## မွန်ပြည်နယ်အတွင်း ကျပ်သန်း ၆၆၀၀ ရင်းနှီးမြှုပ်နှံပြီး စွန့်ပစ်အမှိုက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းနှင့် ခနောက်စိမ်းသတ္တုသန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့်လုပ်ကိုင်မည်



မွန်ပြည်နယ်အတွင်း ကျပ်သန်း ၆၆၀၀ ရင်းနှီးမြှုပ်နှံပြီး စွန့်ပစ်အမှိုက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းနှင့် ခနောက်စိမ်းသတ္တုသန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/ ၂၀၂၀) ကြိမ်မြောက်အစည်းအဝေး၌ အတည်ပြုမိန့်ထုတ်ပေးရန် ဆုံးဖြတ်ခဲ့သည့်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများစာရင်းအရ မွန်ပြည်နယ်၊ ရေးမြို့နယ် ကော့လိုင် ကျေးရွာအုပ်စု၌ Thiwa Company Co.,Ltd က မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ကျပ်သန်း ၅၈၀၀ ဖြင့် စွန့်ပစ်အမှိုက်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်မည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်း ၅၅ ခု ဖန်တီးပေးနိုင်ခဲ့ကြောင်းသိရသည်။ အလားတူ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ညောင်ပင်ဆိပ်ရပ်ကွက်၌ Myanmar Shing Shing Metal Co.,Ltd က မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ကျပ်သန်း ၈၀၀ ဖြင့် ခနောက်စိမ်းသတ္တု သန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်မည်ဖြစ်ပြီး အဆိုပါလုပ်ငန်းမှ အလုပ်အကိုင်အခွင့်အလမ်း ၇၂ ခု ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။
မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/ ၂၀၂၀) ကြိမ်မြောက်အစည်းအဝေး၌ အတည်ပြုမိန့်ထုတ်ပေးရန် ဆုံးဖြတ်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်များ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်သန်း ၆၆၀၀ ဖြစ်ပြီး အလုပ်အကိုင် ၁၂၇ နေရာကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လေးလခွဲအတွင်း MIC ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၅၄ သန်းကျော်အပါအဝင် ကျပ် ၈၄၆ ဘီလျံကျော်အထိ မြှုပ်နှံလုပ်ကိုင်လျက်ရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှသိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၀) အပါအဝင် ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း သုံးခု၊ အတည်ပြုလုပ်ငန်း ၁၁ ခု ခွင့်ပြုခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်းသုံးခုနှင့် အတည်ပြုလုပ်ငန်း လေးခု၊ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှအတည်ပြုလုပ်ငန်းတစ်ခု၊ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းတစ်ခု၊ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းနှစ်ခုနှင့် တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း သုံးခု ခွင့်ပြုပေးခဲ့ကြောင်းသိရသည်။

အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ဒေါ်လာ ၁၈ ဒသမ ၆၈၂ သန်း အပါအဝင် ကျပ် ၉၅၅၀၄ ဒသမ ၆၀၂ သန်း ဖြစ်ပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၈၉၄ ဦးကို ဖန်တီးပေးမည်ဖြစ်ကြောင်း၊ ခွင့်ပြု အတည်ပြုလုပ်ငန်း ၁၄ ခုမှာ စက်မှုကဏ္ဍမှငါးခု၊ ဟိုတယ်ကဏ္ဍမှ သုံးခု၊ လျှပ်စစ်ကဏ္ဍမှတစ်ခု၊ သတ္တုကဏ္ဍမှတစ်ခုနှင့် အခြားကဏ္ဍမှ လေးခုဖြစ်သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဖေဖော်ဝါရီ ၁၃ ရက်အထိ မြန်မာနိုင်ငံသား

ရင်းနှီးမြှုပ်နှံမှု ခွင့်ပြု၊ အတည်ပြုပေးခဲ့မှုမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၅၃ ခု၊ ဒေါ်လာ ၁၃၂ ဒသမ ၂၂၇ သန်းအပါအဝင် ကျပ် ၇၄၃၁၉၄ ဒသမ ၅၂၉ သန်းဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာ ၁၅၄ ဒသမ ၃၇၉ သန်းအပါအဝင် ကျပ် ၈၄၆၁၈၁ ဒသမ ၉၂၂ သန်းဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/160747

## လက်ရှိဘဏ္ဍာနှစ် လေးလအတွင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဘီလျံကျော်ရရှိ

လက်ရှိဘဏ္ဍာနှစ်လေးလအတွင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဘီလျံကျော်ရရှိထားပြီဖြစ်သော်လည်း တရားမဝင်ကုန်သွယ်မှုမြင့်တက်နေဆဲဟု ဒုတိယသမ္မတဦးမြင့်ဆွေက ဖေဖော်ဝါရီ ၂၂ ရက်တွင်ပြောသည်။ ရန်ကုန် မြို့ ကုန်သည်စက်မှုအသင်းချုပ်တွင်ပြုလုပ်သည့် မြန်မာ့ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များ၏ (၃၂)ကြိမ်မြောက်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ၌ ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် ဇန်နဝါရီအထိ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁၀၁ ဘီလျံအထိရရှိထားပြီး ပုဂ္ဂလိကကဏ္ဍပါဝင် မှုမှာ ၈၆ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၏ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၁၄၇ ဘီလျံ ရှိကြောင်းသိရသည်။ "တရားမဝင်ကုန်စည်တွေကြောင့် SMEတွေ၊ MSMEတွေမရပ်တည် နိုင်တဲ့အတွက် ကျွန်တော်တို့ဘက်က အလေးထားဆောင်ရွက်လုပ်ကိုင်နေပါတယ်။ တရားမဝင်ကုန်ပစ္စည်းတွေဝင်ရောက်နိုင်တဲ့ နယ်စပ်ကုန်သွယ်မှုတွေနဲ့ မြို့ကြီး တွေကို ဝင်ထွက်လမ်းကြောင်းတွေမှာ ထိရောက်တဲ့ဖမ်းဆီးအရေးယူမှုနဲ့ ဥပဒေအကျိုးသက်ရောက်မှုရှိစေရေးအတွက် စနစ်တကျစီမံချက်ရေးဆွဲကာ ဝိုင်းဝန်းဆောင်ရွက်သွားဖို့လိုအပ်ပါတယ်"ဟု ၎င်းကပြောသည်။ တရားမဝင်ကုန်သွယ်မှုများ ကြောင့် SME, MSME လုပ်ငန်းများရပ်တည်မှုခက်ခဲလာသည့်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအဖွဲ့ ဖွဲ့စည်း လုပ်ဆောင်လျက်ရှိကြောင်း တရားမဝင်ကုန်သွယ်မှုများကို ဖမ်းဆီးရာ၌ ၂၀၁၈ စက်တင်ဘာမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီအထိ ဖမ်းဆီးရမိမှုပေါင်း ၂၇၀၉ ကြိမ်အထိရှိပြီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၁၆၂ ဘီလျံအထိရှိကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေကပြောသည်။

**Source:** https://myanmar.mmtimes.com/news/135724.html

## COVID-19 ကြောင့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး သုံးပတ်အတွင်း ဒေါ်လာသန်း ၂၀၀ ကျော်လျော့နည်း

တရုတ်နှစ်သစ်ကူးပိတ်ရက်နှင့် COVID-19 ကြောင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးတွင် သုံးပတ်အတွင်း ကုန် သွယ်မှု တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်လျော့နည်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။ တရုတ်နှစ်သစ်ကူးပိတ်ရက် ဇန်နဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက် အထိ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးတွင် ရရှိသောတန်ဖိုးကို ယခင်ဘဏ္ဍာနှစ်ကာလတူနှင့်နှိုင်းယှဉ်ပြီး ပြည်ထောင်စုဝန် ကြီးကပြောကြားသည်။ မူဆယ်၊ ချင်းရွှေဟော်၊ ကန် ပိုက်တီးနှင့် လွယ်ဂျယ်တို့မှ ပို့ကုန် ဒေါ်လာ သန်း ၁၅၀ ကျော်နှင့် သွင်းကုန် ဒေါ်လာ သန်း ၅၀ ကျော် လျော့နည်းခြင်းဖြစ်သည်။ “နှစ်သစ်ကူးကာလနဲ့ ဗိုင်းရပ်စ်ဖြစ်နေတဲ့ ကြားကာလမှာ လျော့နည်း သွားတာတွေ့ရတယ်”ဟု ဖေဖော်ဝါရီ ၂၂ ရက် က ရန်ကုန်မြို့၌ပြုလုပ်သော ဒုတိယသမ္မတနှင့်စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် ဒေါက် တာသန်းမြင့်ကပြောသည်။

COVID-19 ကြောင့် လက်ရှိတွင် ဖရဲ၊ သခွားမွေး စိုက်ပျိုး တောင်သူများ၊ ရေထွက်ကုန် တင်ပို့သူများ အခက်အခဲကြုံတွေ့ နေကြောင်း ၎င်းကရှင်းပြသည်။ အရေးပေါ်ဖြေရှင်းမှုအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်နှင့်ညှိနှိုင်းပြီး ဖရဲ၊ သခွားမွေးရောင်း ချနိုင် ရေးနေရာများ ဖန်တီးပေးထားပြီး ဖရဲ၊ သခွားမွေးကို ပြည်တွင်းစားသုံးမှုတိုးမြှင့်ရေး ကြိုးစားဆောင်ရွက်နေသည်ဟု ဒေါက်တာ သန်းမြင့်ကပြောသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်ကဏ္ဍတွင် လတ်တလော COVID-19 ကြောင့် နယ်စပ်ကုန်သွယ်မှု အနည်းငယ်လျော့နည်းသော် လည်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးမှာ တိုးတက်နေသဖြင့် ၂၀၁၉-၂၀ ဘဏ္ဍာနှစ် ငါးလအ တွင်း ၂ ဒသမ ၁ ဘီလီယံကျော် တိုးတက်လာသည်။ ယခုဘဏ္ဍာနှစ် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၁၄ ဒသမ ၅ ဘီလီယံရှိပြီး ပို့ကုန်တန်ဖိုး ဒေါ်လာ

၆ ဒသမ ၇ ဘီလီယံကျော်နှင့် သွင်းကုန် ၇ ဒသမ ၇ ဘီလီယံကျော်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန စာရင်းများတွင်ဖော်ပြထားသည်။

**Source:** https://7day.news/detail?id=179529

## ကော်ဖီစေ့ဈေးမြင့်လာ၍ ချင်းတောင်ရှိ ကော်ဖီစိုက်သူများတွက်ခြေကိုက်



ကော်ဖီစေ့ဈေးနှုန်း မြင့်တက်လာသည့်အတွက် ချင်းတောင်တွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးသူများ တွက်ခြေကိုက်နေကြောင်း ချင်းပြည်နယ် ဖလမ်းမြို့ ရာရ်အွမ်းရွာမှ ကော်ဖီစိုက်တောင်သူ ဦးလာလ်ဇထန်က ပြောသည်။ "ကော်ဖီစေ့က ပြီးခဲ့တဲ့နှစ်တွေက ဈေးသိပ်မကောင်းဘူးဗျ။ အခုနှစ်မှ ဈေးကခုန်တက်သွားတာ။ ကော်ဖီစေ့ဈေးမကောင်းတော့ ကျွန်တော်တို့လည်း တိုးချဲ့စိုက်ပျိုးမှုမရှိဘူး။ အခုနှစ်တော့ ဈေးခုန်တက်သွားတာဆိုတော့ အရောင်းသွက်တယ်လို့ပြောရမှာပါ။ နောင်နှစ်တွေမှာလည်း ဈေးမကျဘူးဆိုရင် တိုးချဲ့စိုက်ပျိုးဖို့စီစဉ်ရမှာဖြစ်ပါတယ်။ အဓိက ကော်ဖီစေ့ရောင်းချဖို့ ဈေးကွက်ကအရေးကြီးပါတယ်"ဟု ဦးလာလ်ဇထန်ကပြောသည်။

ယခုနှစ်တွင် ချင်းတောင်သဘာဝကော်ဖီ စစ်စစ်အမည်ဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ပြန်သွက်လာခဲ့သည်ဟု သိရသည်။ ကော်ဖီပင်သည် ချင်းပြည်နယ်နေရာဒေသအနှံ့တွင် ရာသီဥတုနှင့်ကိုက်ညီပြီး ဖြစ်ထွန်းအောင်မြင်သော်လည်း သက်ဆိုင်ရာ၏ ပံ့ပိုးကူညီနိုင်မှု၊ နည်းပညာဆိုင်ရာအားနည်းမှုနှင့်ထုတ်လုပ်ရောင်းချမှု ဈေးကွက်ပျက်စီးလာခြင်းတို့ကြောင့် ယခု ချင်းပြည်နယ်တွင် ကော်ဖီစိုက်ပျိုးသူအနည်းငယ်သာရှိတော့ကြောင်း ချင်းပြည်နယ်စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ "ချင်းပြည်နယ်တစ်ခုလုံးမှာ ကော်ဖီပင်စိုက်မယ်ဆိုရင် ဖြစ်ထွန်းနိုင်ပါတယ်။ ဈေးကွက်ကတော့ အဓိကကျပါတယ်။ ဟားခါးမြို့နယ်မှာဆိုရင် ကော်ဖီပင်စိုက်ပျိုးမှု တစ်နိုင်တစ်ပိုင်အဆင့်ပဲရှိတယ်။ အခုနှစ်ဈေးကောင်းလာတဲ့အတွက် တိုးချဲ့စိုက်ပျိုးဖို့ကြိုးစားနေကြတယ်။ ဖလမ်းနယ်မှာလည်း စိုက်ပျိုးထုတ်လုပ်မှုနည်းတယ်။ တီးတိန်မှာတော့များတယ်။ ချင်းပြည်နယ်တစ်ခုလုံးဆိုရင် ကော်ဖီစိုက်ပျိုးမှုဧက ၂၀၀ ဝန်းကျင်လောက်ရှိနိုင်ပါတယ်"ဟု ဟားခါးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်နေအောင်ကပြောသည်။

ချင်းပြည်နယ်ထွက် ကော်ဖီစေ့အားလုံးကို ကလေးမြို့အခြေစိုက် ကော်ဖီစေ့အဝယ်ဒိုင်ကဝယ်ယူပြီး မန္တလေး၊ ရန်ကုန်၊ တရုတ်၊ ထိုင်းနှင့်စင်ကာပူဈေးကွက်များသို့ တင်ပို့ရောင်းချနေကြောင်းသိရသည်။ ကော်ဖီစေ့မှာ တစ်ဧကစိုက်ပျိုးလျှင် ပိဿာချိန် ၁၀၀ ခန့်ထွက်ရှိပြီး ပြီးခဲ့သည့်နှစ်များက ကော်ဖီစေ့တစ်ပိဿာကို ကျပ် ၁၅၀ မှ ၂၀၀ ခန့်ဖြင့်သာ အရောင်းအဝယ် ဖြစ်ခဲ့သည်။ ယခု နှစ်တွင်မူ ကော်ဖီစေ့တစ်ပိဿာကို ကျပ် ၃၀၀ မှ ကျပ် ၅၀၀ အထိ အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/135747.html

## မန်းပဲမျိုးစုံဈေးကွက်၌ မြေပဲဆန်များ ဈေးမြင့်၊ ကုလားပဲအုပ်စုဝင်များလည်း ဈေးတက်ရိပ်ပြ

မန္တလေးမြို့ ပဲမျိုးစုံဈေးကွက်တွင် ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံက ပြန်လည်ဝယ်ယူမှုရှိလာသော မြေပဲဆန်များ ဈေးနှုန်းမြင့်တက်လာပြီး ပစ္စည်းလက်ကျန်နည်းပါးမှုကြောင့် ကုလားပဲအုပ်စုဝင်များ ဈေးနှုန်းတက်ရိပ်ပြလျက် ရှိကြောင်း ပဲပွဲစား၊ ကုန်သည်များနှင့် ဆီစက်ပိုင်များထံမှသိရသည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် မန္တလေးပဲမျိုးစုံဈေးကွက်တွင် ပြီးခဲ့သည့်ဇန်နဝါရီလအတွင်းက ကုန်စည်ဈေးနှုန်းများကျဆင်း၍ အရောင်းအဝယ်များရပ်တန့်ခဲ့သော်လည်း ယခုအခါ တရုတ်နိုင်ငံမှ ပြန်လည်ဝယ်ယူမှုကြောင့် ဖေဖော်ဝါရီလလယ်ပိုင်းမှစတင်ကာ အရောင်းအဝယ်ကောင်းမွန်လာခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ရသည့် ပဲအမျိုးအစားများမှာမူ ဈေးနှုန်းများတည်ငြိမ်နေဆဲဖြစ်ကြောင်း ပဲကုန်သည်များက ပြောသည်။

"လောလောဆယ် တရုတ်နိုင်ငံကတော့ နှမ်းအစား မြေပဲဆန်တွေ ပိုမိုဝယ်ယူလာတာဖြစ်ပြီး နှမ်းဈေးနှုန်းတွေကတော့ ကျဆင်းနေသလို သူတို့အဝယ်လိုက်လာတော့မှ နှမ်းစိုက်တောင်သူတွေ အရင်လိုဈေးကောင်းပြန်ရမှာပါ။ ဆောင်းသီးနှံအနေနဲ့ ရိတ်သိမ်းပြီးဖြစ်တဲ့ ကုလားပဲအုပ်စုဝင်တွေဖြစ်တဲ့ ဗိုတူး၊ ဗိုဆဲဗင်း၊ နိုင်းတူးနိုင်းက ဈေးကွက်ထဲကို အလုံးအရင်းနဲ့ ဝင်ရောက်လာပေမယ့် ပစ္စည်းလက်ကျန်နည်းပါးနေမှုကြောင့် ဈေးနှုန်းမကျဆင်းတဲ့အပြင် တက်ကိုရိပ်တောင်ပြနေတာပါ။ မတ်ပဲနဲ့ ပဲစင်းငုံတွေကတော့ လက်ရှိမှာအိန္ဒိယဈေးကွက်ကို တင်ပို့မှုမရှိသေးတဲ့အချိန်မှာ လှောင်လက်သမားတွေက အဓိကဝယ်ယူ နေတာဖြစ်ပြီး ဈေးနှုန်းတွေမြင့်တက်လာဖို့တော့ မရှိနိုင်သေးပါဘူး။ ကိုရိုနာဗိုင်းရပ်စ်ကို လုံးဝထိန်းချုပ်နိုင်တဲ့ ကာလတစ်ခုကိုရောက်ရှိလို့ ပြည်ပ တင်ပို့မှုတွေ ပုံမှန်အတိုင်း ပြန်ဖြစ်လာမယ်ဆိုရင်တော့ ပဲမျိုးစုံဈေးကွက်က ဒီထက်ပိုမိုလှုပ်ရှားလာမယ်လို့ ခန့်မှန်း သုံးသပ်ရပါတယ်"ဟု မန္တလေးမြို့ ပဲကုန်စည်ဒိုင်မှ ကုန်သည်ဦးကျော်ကျော်က မြန်မာတိုင်းမ်နေ့စဉ်သို့ပြောကြားသည်။

ဝယ်ယူမှုများသောကြောင့် ကုလားပဲအုပ်စုဝင်များထဲတွင် ဗိုဆဲဗင်းနှင့်ဗိုနိုင်းတို့မှာပစ္စည်းပြတ်လပ်သွားပြီး ပြည်တွင်း စားသုံးမှုများသည့် ပဲကြီး၊ ပဲထောပတ်၊ မြေထောက်ပဲတို့မှာ အရောင်းအဝယ်အသွက်ဆုံးဖြစ်နေကာ ယခုရက်ပိုင်း မန္တလေးပဲ ဈေးကွက်၌ ဖြစ်ပေါ်လျက်ရှိသော ကုန်စည်ဈေးနှုန်းများမှာ ကုလားပဲ(ထိုင်ဝမ်) တစ်အိတ် ကျပ် ၈၀,၀၀၀၊ ဗိုတူးတစ်အိတ် ကျပ် ၇၆,၅၀၀၊ မတ်ပဲတစ်အိတ်ျ ပ် ၉၄,၀၀၀၊ ပဲစင်းငုံ(ဖြူ)တစ်အိတ် ကျပ် ၆၂,၀၀၀၊ ပဲစင်းငုံ(နီ) တစ်အိတ် ကျပ် ၆၅,၀၀၀၊ ပဲတီစိမ်း(ရွှေဝါ) တစ်အိတ် ကျပ် ၁၂၀,၀၀၀၊ ပဲကြီး(သစ်) တစ်အိတ် ကျပ် ၇၈,၀၀၀၊ ပဲထောပတ်တစ်အိတ် ကျပ် ၈၈,၀၀၀၊ နှမ်းဖြူတစ်အိတ် ကျပ် ၁၂၅,၀၀၀၊ နှမ်းနက်(စမုန်)တစ်အိတ် ကျပ် ၂၀၀,၀၀၀၊ မြေပဲဆန်(နီ)တစ်ပိဿာ ကျပ်၂,၉၀၀ ဝန်းကျင် ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/135619.html

## ဖရဲ၊ သခွားပြည်ပတင်ပို့မှု (၉၀)ရာခိုင်နှုန်းကျဆင်း



မြန်မာ့ဖရဲ၊ သခွားပြည်ပတင်ပို့မှုမှာ အခုလက်ရှိအချိန်ထိ (၉၀) ရာခိုင်နှုန်းကျဆင်းနေတာဖြစ်ကြောင်း မြန်မာနိုင်ငံဖရဲ ၊ သခွားစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။ မြန်မာ့ဖရဲ ၊ သခွားမှာ ပြည်တွင်းမှာထွက်ရှိချိန်ဖြစ်နေသော်လည်း ပြည်ပကို တင်ပို့မှုမှာအနည်းငယ်သာသွားနေပြီး (၉၀)ရာခိုင်းနှုန်းလောက် တင်ပို့မှုကျဆင်းနေတာဖြစ်တယ်လို့ မြန်မာနိုင်ငံဖရဲ၊ သခွား စိုက်ပျိုး ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးဆန်းလင်း ကပြောပါတယ်။

အခုလက်ရှိမှာ ဖရဲသီးရော ၊ သခွားသီးရော ရာသီချိန်ဖြစ်နေတာကြောင့် အမြောက်အမြားထွက်ပေါ်နေတာဖြစ်တယ်။ ပြည်ပကိုမသွားတာတော့မဟုတ်ဘူး။ အနည်းအကျဉ်းလောက်ပဲ သွားနေတာပါ။ ပြည်ပတင်ပို့မှုက (၉၀)ရာခိုင်နှုန်းလောက်ကျသွားတယ်။ မြန်မာ့ဖရဲကို တရုတ်ကိုအဓိကထားတင်ပို့နေတာဖြစ်ပြီး အခုလက်ရှိမှာ ဖရဲသခွားအနည်းငယ်သာ တင်ပို့နေရတာဖြစ်ကြောင်း အဆိုပါအသင်းမှသိရပါတယ်။ အခုလ (၂၉)ရက်နေ့မှ စတင်ကာ(၅)ရက်ကြာ ပထမအကြိမ် မြန်မာဖရဲ၊ သခွားမွေးပွဲတော်ကို မြေပဒေသာကျွန်း ၊ ကန်တော်ကြီးထဲမှာ ကျင်းပသွားမှာ ဖြစ်ကြောင်း မြန်မာနိုင်ငံ ဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/watermelon_and_muskmelon_are_export_down

## တရုတ်နိုင်ငံမှ ကုန်ကြမ်းပြတ်လပ်မှုကြောင့် အရှေ့တောင်အာရှ အထည်ချုပ်ကုန်ပစ္စည်းကွင်းဆက်အပေါ် အကြီးအကျယ်ထိခိုက်

Coronavirus ဖြစ်ပွားမှုဟာ အရှေ့တောင်အာရှမှ အထည်ချုပ်ကုန်ပစ္စည်းကွင်းဆက်အပေါ် အကြီးအကျယ်ထိခိုက်ပျက်စီး စေပြီး Uniqlo, Gap နှင့် Nike စသည့် နိုင်ငံတကာအမှတ်တံဆိပ်တွေရဲ့ ကုန်ကြမ်းလက်ကျန်ကို ခြိမ်းခြောက်နေသည်။ ဂျပန်ဖက်ရှင်ကုန်အမှတ်တံဆိပ်၏ Uniqlo ၏ ဗီယက်နမ်နိုင်ငံရှိ ထုတ်လုပ်တင်ပို့မှုကို နှစ်ပတ်အကြာနှောင့်နှေးခဲ့သည်။ မတ်လ

တွင် ကုန်ကြမ်းပြတ်လပ်မှုကို ဖြစ်ပေါ်စေလိမ့်မည်ဖြစ်သည်။ Uniqlo သည်ထုတ်ကုန်အသစ်များ စတင်ထုတ်လုပ်ခြင်းကို ရက်ရွှေ့ဆိုင်းထားလိုက်ပြီဖြစ်သည်။

အရှေ့တောင်အာရှ ကုန်ပစ္စည်းပေးသွင်းသူများသည် ဗီယက်နမ်သာမက ကမ္ဘောဒီးယားနှင့်မြန်မာနိုင်ငံတို့တွင်ပါ ကမ္ဘာလုံးဆိုင်ရာဖက်ရှင်အမှတ်တံဆိပ်များအတွက် ပို၍အရေးပါလာချိန်တွင် ယခုလို အထည်ချုပ် ကုန်ပစ္စည်းကွင်းဆက်အပေါ် အကြီးအကျယ်ထိခိုက်ခြင်းဖြစ်သည်။ Uniqlo ပိုင်ရှင် Fast Retailing ၏ ၂၀% နီးပါးသည် အဓိကအားဖြင့် အထည်ချုပ် စက်ရုံများသည် ဗီယက်နမ်နိုင်ငံတွင်ရှိသည်။ ထက်ဝက်ခန့်သည် တရုတ်နိုင်ငံမှာရှိနေဆဲဖြစ်သည်။ ဤအဝတ်အထည် ထုတ်လုပ်သူများသည် ကုန်ကြမ်းအတွက် အကြီးမားဆုံးစီးပွားရေးဖြစ်သည့် တရုတ်အပေါ် မှီခိုနေကြရသည်။ ဥပမာ – ဗီယက်နမ်အပ်ချုပ်ကုန်ပစ္စည်းများအတွက်အသုံးပြုသော ကုန်ကြမ်းများ၏ (၆၀) ရာခိုင်နှုန်းသည် တရုတ်မှဖြစ်သည်။ သို့ဖြစ်ရာ တရုတ်နိုင်ငံရှိ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ရေးကွင်းဆက်ပြတ်တောက်မှုသည် အရှေ့တောင်အာရှသို့ ကူးစက်ပျံ့နှံ့ သွားသည်။

Voice of Vietnam နှင့် Cong Thuong သတင်းစာအပါအဝင်ဗီယက်နမ်မှ ပြည်တွင်းမီဒီယာများက စက်ရုံအချို့အား ပစ္စည်းရောင်းဝယ်မှုပြတ်လပ်မှုကြောင့် ထိခိုက်နစ်နာမှု ရှိနေကြောင်း ဖော်ပြကြသည်။ GAP နှင့် Tommy Hilfiger ကဲ့သို့ ကုန်အမှတ်တံဆိပ်များအတွက် ကုန်ကြမ်းပစ္စည်းများ၏ (၅၀) ရာခိုင်နှုန်းကို တရုတ်မှတင်သွင်းပြီး မတ်လနှင့် ဧပြီလ အမှာစာများ ချုပ်ပေးရန်ရှိသည်။ Uniqlo နှင့် Nike ကုမ္ပဏီများအတွက် ထုတ်လုပ်သည့် Saigon 3 Garment Joint Stock Company သည် မတ်လအထိသာ ထုတ်လုပ်ရန် ပစ္စည်းများ အလုံအလောက်ရှိသည်။ အထည်အလိပ်ထုတ်လုပ်ခြင်းသည် အထည်ချုပ်ခြင်းထက် အရင်းအနှီးပိုမိုသုံးစွဲသည်။ ကုန်အမှတ်တံဆိပ်များက သူတို့၏ ကုန်ထုတ်လုပ်မှု အခြေစိုက်စခန်းများကို မတူကွဲပြားသည့် နိုင်ငံများတွင် ဖြန့်ကျက်ထားသည့်တိုင် တရုတ်သည် ပစ္စည်းထုတ်လုပ်မှုတွင် အဓိကကျနေဆဲဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် အထည်အလိပ်ကို ကိုယ်တိုင်ထုတ်လုပ်နိုင်ပြီး အချို့သောထုတ်လုပ်မှုအဆင့်များကို ထိန်းသိမ်း ထားနိုင်သော်လည်းတရုတ်၏ အထည်အလိပ်ထုတ်လုပ်မှုအပေါ်မှီခိုနေသော ကမ္ဘောဒီးယားကဲ့သို့သော နိုင်ငံများတွင် သက်ရောက်မှုပိုကြီးနိုင်သည်ဟု Uniqlo နှင့် ရင်းနှီးကျွမ်းဝင်သော သတင်းရပ်ကွက်က ပြောကြားခဲ့သည်။ အကောက်ခွန် ရှင်းလင်းမှုနှောင့်နှေးနေကြောင်း၊ တရုတ်နိုင်ငံရှိ စက်ရုံများသည် တရုတ်အစိုးရမှ ချမှတ်ထားသောလူများ၏ လှုပ်ရှားမှုကို ကန့်သတ်မှုများကြောင့် ဝန်ထမ်းရှားပါးနေသဖြင့် တရုတ်နိုင်ငံရှိ စက်ရုံများမှာ ထုတ်လုပ်မှုနှုန်းထားများ နည်းပါးနေသည်။

မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းများသည်လည်း ကုန်ကြမ်းများကို တရုတ်မှ အဓိကတင်သွင်းနေရသဖြင့် အခက်အခဲ ရင်ဆိုင်နေရသည်။ ပြည်တွင်းအထည်ချုပ်လုပ်ငန်းများ မတ်လဆန်းအထိသာကုန်ကြမ်းရှိပြီး ဧပြီလကုန်အထိ ကုန်ကြမ်း မသွင်းနိုင်ပါက လုပ်ငန်းများယာယီရပ်ဆိုင်းနိုင်သည်။ အထည်ချုပ်လုပ်ငန်းရှင် တရုတ်နိုင်ငံမှ ပြန်မလာနိုင်သည့်အဖြစ်လည်း ရှိနေသည်။ ပိတ်သိမ်းလိုက်သဖြင့် ဆန္ဒပြမှုဖြစ်ပေါ်နေသော အထည်ချုပ်လုပ်ငန်းလည်း ရှိနေသည်။

ကမ္ဘောဒီးယားနိုင်ငံရှိအထည်ချုပ်လုပ်ငန်းများ အထွေထွေအတွင်းရေးမှူး Ken Loo ကတိုင်းပြည်၏ အထည်ချုပ်လုပ်ငန်း အတွက် ကုန်ကြမ်းပစ္စည်း (၆၀) ရာခိုင်နှုန်းကျော်သည် တရုတ်မှဖြစ်ကြောင်း Nikkei သတင်းဌာနသို့ ပြောကြားခဲ့သည်။ စက်ရုံများကို ခေတ္တဆိုင်းငံ့ထားခြင်း (သို့မဟုတ်) ပိတ်သိမ်းခြင်းများသည် "မိုးကုပ်စက်ဝိုင်း၌ မြင်နေရပြီဖြစ်သော အရာတစ်ခု" ဖြစ်သည်ဟု သူကပြောသည်။

တရုတ်နိုင်ငံရှိ ကုန်ကြမ်းကုန်ကြမ်းစက်ရုံများ၏ ထက်ဝက်ကျော်သည် ပြန်လည်ထုတ်လုပ်မှုကို ပြန်လည်စတင်ခဲ့ကြ သော်လည်းယခင်လို အပြည့်အဝလည်ပတ်လုပ်ကိုင်နိုင်ခြင်းမရှိသေးချေ။ ကွာရင်းတိုင်း ၁၄ ရက် အရင်နေထိုင်ပြီးမှ စက်ရုံသို့ အလုပ်ဆင်းခွင့်ပြုသည်။ ကူးစက်ပျံ့နှံ့မှုများကို တရုတ်အစိုးရ၏ ထိန်းချုပ်မှုများကြောင့် ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရေး သာမက လုပ်သားများ သွားလာရန်လည်း အခက်အခဲများရှိနေသည်။ အလုပ်သမားဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Heng Sour က အကယ်၍ မတ်လတွင် ကုန်ကြမ်းပေးပို့မှုများ ရောက်ရှိမလာပါကအထည်ချုပ်စက်ရုံ ၂၀၀ ကျော်မှ အလုပ်သမား ၉၀,၀၀၀ ကို ဆိုင်းငံ့မည်ဖြစ်ကြောင်း ပြီးခဲ့သည့်အပတ်က မီဒီယာများသို့ ပြောကြားခဲ့သည်။

**Source:** https://www.textiledirectory.com.mm/industry-news/export-import/item/3000-china-s-raw-materials-shortage-has-a-major-impact-on-the-southeast-asian-garment-chain.html

## တရုတ်နိုင်ငံဈေးကွက်မှ အဝယ်နည်းနေ၍ သီဟိုဠ်စေ့ဈေးနှုန်းများ ကျဆင်းလျက်ရှိ

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့၌ ယခုနှစ် သီဟိုဠ်စေ့များ စတင်ထွက်ရှိချိန်တွင် တရုတ်နိုင်ငံဘက်မှ အဝယ်နည်းနေသောကြောင့် ပြီးခဲ့သည့်နှစ်ကထက် ဈေးနှုန်းများကျဆင်းနေကြောင်းသိရသည်။ ကလိန်အောင်မြို့မှ သီဟိုဠ်ပင်များစိုက်ပျိုးသည့် ခြံရှင်တစ်ဦးက "မနှစ်က အခုလို ဖေဖော်ဝါရီလ အစေ့စထွက်ချိန်မှာ သီဟိုဠ်စေ့ တစ်ပိဿာကို ငွေကျပ် ၃၂၀၀ ကနေ ၃၅၀၀ လောက် ရခဲ့ တယ်။ ဒီနှစ်မှာတော့ တစ်ပိဿာကို ငွေကျပ် ၂၀၀၀၊ ငွေကျပ် ၂၂၀၀ လောက်ပဲ ဈေးရှိနေတယ်" ဟု ပြောသည်။ "အခုနှစ်မှာ တရုတ်ပြည်က ဝယ်ယူတာနည်းတော့ ဈေးကွက်မကောင်းဘူး။ အစကဆို တစ်ပိဿာကို ငွေကျပ် ၁၈၀၀ ပဲရတယ်။ အခုမှ ဈေးက ငွေကျပ် ၄၀၀ နီးပါးလောက် နည်းနည်းပြန်တက်လာတာ"ဟု ၎င်းက ဆက်ပြောသည်။ ကလိန်အောင်မြို့၏ ဒေသထွက်ကုန်များတွင် ပြည်ပပို့ကုန် ဖြစ်သော သီဟိုဠ်စေ့မှာ ရာသီသီးနှံဖြစ်ပြီး ဖေဖော်ဝါရီလမှ စတင်၍ ဈေးကွက်သို့ဝင်ရောက်ကာ မတ်လတွင် သီဟိုဠ်စေ့များလှိုင်လှိုင်ပေါ်ပြီး မိုးမရွာခင်အချိန်အထိ ဈေးကွက်အတွင်း သီဟိုဠ်စေ့များ အရောင်းအဝယ်ဖြစ်ကြောင်း သီဟိုဠ်စေ့ရောင်းဝယ်သည့်ဒိုင်မှသိရသည်။ သီဟိုဠ်ပင်များကို ကလိန်အောင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ကျောက်ရှပ်၊ မိကျောင်းလှောင်း၊ မရမ်းချောင်း၊ ရာဖူး၊ ရေပုံးစသည့်ကျေးရွာများတွင် အများဆုံးစိုက်ပျိုးပြီး ထွက်ရှိသော သီဟိုဠ်စေ့ကုန်ကြမ်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ကာ ရန်ကုန်မှအဝယ်ဒိုင်ကြီးများမှတစ်ဆင့် တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်းသိရသည်။



**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771

## ဗီယက်နမ် နဂါးမောက်သီးနှင့်ဖရဲသီး ကွန်တိန်နာအလုံး ၈၀၀ ခန့် တရုတ်–ဗီယက်နမ်နယ်စပ်တွင်ပိတ်ဆို့နေ

ကိုရိုနာဗိုင်းရပ်ရောဂါဆက်လက်ဖြစ်ပွားနေခြင်းကြောင့် တရုတ်၊ ဗီယက်နမ်နယ်စပ်ရှိ ကွန်တိန်နာတင်ယာဉ်များ ပိတ်ဆို့နေမှုပြဿနာမှာ ပိုမိုဆိုးရွားလာခဲ့ပါသည်။ ဗီယက်နမ်မီဒီယာများ၏ထုတ်ပြန်ချက်အရ ဖေဖော်ဝါရီလ ၁၇ ရက်နေ့အထိ သစ်သီးအမျိုးမျိုး တင်ဆောင်ထားသောကွန်တိန်နာ ၈၀၀ နီးပါးခန့်မှာ နယ်စပ်တွင်တန်းစီကာ အကောက်ခွန် ရှင်းလင်းဖြတ်သန်းမှု ဆောင်ရွက်ရန်စောင့်ဆိုင်းနေကြောင်းသိရပါသည်။ ဗီယက်နမ်စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနက အထက်ပါအခြေအနေနှင့်ပတ်သက်၍ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစ၍ ဗီယက်နမ် Lang Son ပြည်နယ် ချစ်ကြည်ရေးဂိတ်စခန်း သွင်းပို့ကုန်လှုပ်ရှားမှုသည် အခြေခံအားဖြင့်ရပ်ဆိုင်းနေ ပြီး နဂါးမောက်သီး၊ လုံဂန်သီးစသည့် သစ်သီးများစွာတင်ဆောင်ထားသော ကုန်တင်ယာဉ်များ နယ်စပ်တွင်ပိတ်ဆို့မှုဖြစ်နေပါသည်။ ထို့အပြင် Lang Suon ပြည်နယ် Tan Thanh ဂိတ်စခန်း၊ ကူနန်ဂိတ်စခန်း၊ Chi Ma ဂိတ်စခန်း၊ Lao Cai ပြည်နယ် ကျင်းချိန်အမှတ်(၂) ဂိတ်စခန်း စသည့် တို့ရှိ သွင်းပို့ကုန်လုပ်ဆောင်မှုသည်လည်း ရောဂါအကြောင်းအရင်းကြောင့် သက်ရောက်မှုအသီးသီးဖြစ်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ယခင်အပတ်မှစ၍ တရုတ်နိုင်ငံဘက်တွင် တချို့သောနယ်စပ်ဂိတ်စခန်းများကို စတင်ဖွင့်လှစ်ပေးခဲ့သော်လည်း ရောဂါအကြောင်းအရင်းကြောင့် တရုတ်ဘက်၌ဝန်ထမ်းလုပ်သားနည်းပါးကာ နယ်စပ်ကုန်သွယ်မှုနှင့် အကောက်ခွန် ရှင်းလင်းမှုမြန်နှုန်းနှေးကွေးမှုများဖြစ်ပေါ်စေခဲ့ပါသည်။

ထို့ကြောင့် ဗီယက်နမ်စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနက ကုန်သွယ်ရေးလုပ်ငန်းရှင်နှင့် သယ်ယူပို့ဆောင်ရေးယာဉ်မောင်းများ နယ်စပ်ပိတ်ဆို့မှုနှင့် လမ်းပိတ်ဆို့မှုအခြေအနေများကို အလေးထားရန်အသိပေးခဲ့ပြီး ၎င်းတို့အား အခြားလမ်းကြောင်းမှ သစ်သီးနှင့်ဟင်းသီးဟင်းရွက်စသည့် လယ်ယာထွက်ကုန်များတင်ပို့မှုအတွက် လျင်မြန်စွာရှာဖွေရန် အကြံပြုခဲ့ပါသည်။ ဤကဲ့သို့ဖြစ်နေသော်လည်း နဂါးမောက်၊ ဖရဲသီးစသည့်သစ်သီးများတင်ဆောင်ထားသော ကုန်တင်ယာဉ်များသည် မြောက်ပိုင်းနယ်စပ်သို့ အဆက်မပြတ်လာရောက် စုစည်းလျက်ရှိပါသည်။ လက်ရှိတွင် ဗီယက်နမ်တောင်ပိုင်းရှိ Tien Giang

ပြည်နယ်၊ Dong Thap ပြည်နယ်ရှိ သစ်သီးများရင့်မှည့်သောရာသီဖြစ်သောကြောင့် ဒေသခံသစ်သီးတောင်သူများသည် လှိုင်လှိုင်ထွက်ရှိသောသစ်သီးများကို လျင်မြန်စွာပြည်ပသို့ရောင်းချနိုင်ရန် မျှော်လင့်နေလျက်ရှိပါသည်။ သို့သော် နယ်စပ်ဂိတ်စခန်း ရပ်တန့်ပိတ်ဆို့နေမှုပြဿနာမှာ တစ်နေ့တစ်ခြား ပိုမိုဆိုးရွားလာသောကြောင့် ကုန်သွယ်လုပ်ငန်းရှင်အချို့အား အခြားလမ်းကြောင်းမဖြစ်မနေရှာဖွေမှုကိုဖြစ်စေခဲ့ပြီး သစ်သီးဝလံစသည့် လယ်ယာထွက်ကုန်များကို မြောက်ပိုင်းအခြားဒေသသို့ ပို့ဆောင်ကာ အရှုံးခံရောင်းချခဲ့နေရပါသည်။

**Source:** www.chinafruitportal.com

https://www.facebook.com/shweliayarnews/

## ၂၀၂၀ ပြည့်နှစ်အတွက် ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးတိုးတက်မှုမျှော်မှန်းချက်နှင့်အလားအလာ

လက်ရှိအနေအထားအရ ကိုရီးယားသမ္မတနိုင်ငံ၏ အဓိကကုန်သွယ်ဖက်များဖြစ်သည့်အပြင် ကမ္ဘာ့ထိပ်တန်းနိုင်ငံများဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ကုန်သွယ်မှုဆိုင်ရာတင်းမာမှုများလျော့ပါးသွားခြင်းကြောင့် ယခု ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် ကိုရီးယားသမ္မတနိုင်ငံ၏ပို့ကုန်သည် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် ကျဆင်းနေသေးသော်လည်း ၂၀၂၀ ပြည့်နှစ် တစ်နှစ်လုံးအတွက်မူ ပို့ကုန် ၃ ဆ တိုးမြှင့်တင်ပို့နိုင်ရန်နှင့် စီးပွားရေးအခြေအနေ ပြန်လည်တိုးတက်လာနိုင်ရန် သက်ဆိုင်ရာမှ ခန့်မှန်းထားကြောင်း သိရှိရပါသည်။

စီးပွားရေးအနည်းငယ်ပြန်လည်ဦးမော့လာမှုအပေါ် လက်ရှိဖြစ်ပွားလျက်ရှိသည့် Nobel Corona Virus ကူးစက်ပြန့်ပွားမှုအနေအထားက ရိုက်ခတ်မှု ရှိ/မရှိကိုလည်း စောင့်ကြည့် သွားရမည်ဖြစ်ကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ စာရင်းများအရ Nobel Corona Virus ရောဂါကူးစက်ခံရသူ (၂၃) ဦးအထိ တိုးတက်ပျံ့နှံ့လာကြောင်း၊ အဆိုပါဗိုင်းရပ်စ်သည် တစ်နိုင်ငံလုံးပျံ့နှံ့မည်ကို နိုင်ငံသားများက စိုးရိမ်ပူပန်လျက်ရှိကြကြောင်း၊ ၂၀၁၉ ခုနှစ် ကုန်သွယ်မှုစာရင်းများအရ ကိုရီးယားသမ္မတနိုင်ငံ ပို့ကုန်၏လေးပုံတစ်ပုံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့လျက်ရှိရာ ဗိုင်းရပ်စ်များပျံ့နှံ့ခြင်းကြောင့် ကိုရီးယားသမ္မတနိုင်ငံ၏ စားသောက်ကုန်ဖြန့်ဖြူးတင်ပို့မှုအပေါ်ထိခိုက်မည်ကိုလည်း စိုးရိမ်လျက်ရှိကြကြောင်း သိရှိရပါသည်။

ကိုရီးယားသမ္မတနိုင်ငံ၊ သမ္မတမစ္စတာမွန်ဂျေအင်း၏ တောင်ပိုင်းဆိုင်ရာမူဝါဒအသစ်နှင့်အညီ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင် အာရှနိုင်ငံများတွင်စီးပွားရေးလုပ်ငန်းများချဲ့ထွင်ရန် အထူးစိတ်ဝင်စားလျက်ရှိကြရာ ကိုရီးယားသမ္မတနိုင်ငံမှ ထိပ်တန်းဘဏ် များဖြစ်သော IBK၊ KB kookmin Bank၊ KEB Hana Bank၊ Woori Bank နှင့် Korea Development Bank(KDB) တို့သည် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌နိုင်ငံခြားဘဏ်ခွဲဖွင့်လှစ်ခွင့်ရရှိရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်နိုင်ရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပြီး၊ အရှေ့တောင်အာရှနိုင်ငံများအတွက် စီးပွားရေးမဟာဗျူဟာများကိုလည်း အသီးသီးချမှတ်ရေးဆွဲလျက်ရှိကြောင်းသိရှိရပါသည်။ မြန်မာနိုင်ငံ၌ နိုင်ငံခြားဘဏ်ခွဲဖွင့်လှစ်ခွင့်ရရှိသူစာရင်းအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၂၀ပြည့်နှစ်၊ မတ်လအတွင်းတွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

ကိုရီးယားသမ္မတနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စယွန်းမြောင်ဟီးသည် ၂၀၂၀ ပြည့်နှစ် ၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ဆွစ်ဇလန်နိုင်ငံ၊ Davos ၌ကျင်းပခဲ့သော 2020 World Economic Forum၊ WTO e-commerce Negotiations တွင် ဒစ်ဂျစ်တယ်ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းများဖော်ဆောင်ရေးအတွက် အရေးပါသည့်ဆွေးနွေးမှုများကို ဆွေးနွေးခဲ့ကြောင်းသိရှိရပါသည်။

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ကိုရီးယား**

**Source:** https://en.yna.co.kr/view/AEN20200129001100320?section=economy/industy ,

www.koreatimes.co.kr

## အိန္ဒိယနိုင်ငံ၏ ၂၀၁၉-၂၀၂၀ ခုနှစ် သီးနှံများစိုက်ပျိုးထွက်ရှိနိုင်မှု ဒုတိယအကြိမ် ကနဦးခန့်မှန်းချက်ထုတ်ပြန်ခြင်း

အိန္ဒိယနိုင်ငံရှိ စိုက်ပျိုးရေး၊ သမဝါယမနှင့်တောင်သူလယ်သမားများဖူလုံရေးဦးစီးဌာနသည် ၂၀၁၉-၂၀၂၀ ခုနှစ်အတွက် အဓိကသီးနှံများ စိုက်ပျိုးထွက်ရှိနိုင်မည့်အခြေအနေ ဒုတိယအကြိမ် ကနဦးခန့်မှန်းချက်ကို ၁၈.၂.၂၀၂၀ နေ့၌ ထုတ်ပြန်ခဲ့ရာ တစ်နိုင်ငံလုံး၌ ပဲမျိုးစုံနှင့် နှံစား သီးနှံများ စုစုပေါင်းတန်ချိန် ၂၉၁.၉၅ သန်းခန့် ထွက်ရှိနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ ယခင် ၂၀၁၈-၂၀၁၉ ခုနှစ်ကာလ၌ ထုတ်လုပ်နိုင်မှုထက် ကောက်ပဲသီးနှံတန်ချိန် ၆.၇၄ သန်းပိုမို တိုးတက်များပြားမှုရှိမည်ဖြစ်ပါသည်။

အဆိုပါဌာန၏ သတင်းထုတ်ပြန်ချက်တွင် ၂၀၁၉ ခုနှစ် မုတ်သုံရာသီကာလ၌ မိုးရွာသွန်းမှုမှာ ပျမ်းမျှကာလရှည် မိုးရွာသွန်းမှုထက် ၁၀% ခန့်ကျော်လွန်ပြီး စိုက်ပျိုးရေအလုံအလောက်ရရှိခဲ့သဖြင့် ၂၀၁၉-၂၀၂၀ ခုနှစ် သီးနှံစိုက်ပျိုးထွက်ရှိနိုင်မှုမှာ ပုံမှန်ထက်ပိုမိုမည်ဟု ခန့်မှန်းခြင်းဖြစ်ကြောင်း၊ သို့ရာတွင် အချိန်နှင့်အမျှရရှိလာမည့် ပိုမိုတိကျသော အချက်အလက်များကို အခြေပြု၍ ယခုခန့်မှန်းထားရှိမှုမှာ ပြောင်းလဲနိုင်မည်ဖြစ်ကြောင်းဖော်ပြပါရှိသည်။

အိန္ဒိယစိုက်ပျိုးရေးဌာန၏ ခန့်မှန်းချက်အရ နိုင်ငံတစ်ဝန်းလုံး၌ ၂၀၁၉-၂၀၂၀ ခုနှစ် ဆန် စပါးထုတ်လုပ်မှုမှာ တန်ချိန် ၁၁၇.၄၇ သန်းဖြစ်ရာ ယခင်နှစ်ထက် ၀.၉၉ သန်းပိုမိုမည်ဖြစ်ပြီး ၅ နှစ်တာကာလအတွင်း ပျမ်းမျှဆန်စပါးထုတ်လုပ်နိုင်မှုထက် တန်ချိန် ၉.၆၇ သန်း ပိုမိုကြောင်းတွေ့ရှိရသည်။ အလားတူ ဂျုံစိုက်ပျိုးထွက်ရှိနိုင်မှုကိုလည်း တန်ချိန် ၁၀၆.၂၁ သန်း ထွက်ရှိမည်ဟု ခန့်မှန်းထားရာ ၂၀၁၈-၂၀၁၉ ခုနှစ် ထွက်ရှိမှုထက် တန်ချိန် ၂.၆၁ သန်း ပိုမိုတိုးတက်မှုရှိမည် ဖြစ်သည်။ ယခင် ၅ နှစ်တာကာလအတွင်း ပျမ်းမျှ ဂျုံစိုက်ပျိုးထွက်ရှိမှုမှာ တန်ချိန် ၉၄.၆၁ သန်း ဖြစ်ရာ ယခုစိုက်ပျိုးထွက်ရှိမှုမှာ တန်ချိန် ၁၁.၆၀ သန်း ပိုမိုမြင့်တက်ရန် ခန့်မှန်းထားခြင်းဖြစ် သည်။

ပဲမျိုးစုံစိုက်ပျိုးထွက်ရှိနိုင်မှုအား ယခင်နှစ်ထုတ်လုပ်နိုင်မှုထက် တန်ချိန် ၀.၉၄ သန်းပိုမို လျက် စုစုပေါင်းတန်ချိန် ၂၃.၀၂ သန်း ထွက်ရှိရန်ခန့်မှန်းထားရှိသည်။ ပဲစင်းငုံစိုက်ပျိုးမှုအား တန်ချိန် ၃.၆၉ သန်းနှင့် ကုလားပဲစိုက်ပျိုးထုတ်လုပ်မှုအား တန်ချိန် ၁၁.၂၂ သန်း ထွက်ရှိမည်ဟု မျှော်မှန်းထားရာ ယခင်နှစ်ကထက် တန်ချိန် ၀.၃၇ သန်းနှင့် ၁.၂၈ သန်း အသီးသီးပိုမိုမည်ဖြစ် သည်။ သို့ရာတွင် ယခုနှစ် မိုးရာသီနှင့်ဆောင်းရာသီတို့၌ ထိခိုက်ပျက်စီးမှုနှင့်စိုက်ကေလျော့ကျမှုဖြစ်ပေါ်ခဲ့သော မတ်ပဲနှင့် ပဲတီစိမ်း တို့ကိုမူ တန်ချိန် ၂.၂၅ သန်းနှင့် ၂.၂၇ သန်း ထွက်ရှိရန် ခန့်မှန်းထားရာ ယခင်နှစ်ထုတ်လုပ်မှုအောက် တန်ချိန် ၀.၈၁ သန်းနှင့် ၀.၁၉ သန်း အသီးသီးလျော့ကျမည်ဖြစ်သည်။ အိန္ဒိယအစိုးရက ယခုဒုတိယအကြိမ် ခန့်မှန်းချက်ထုတ်ပြန်ရာ၌ မိုးရာသီ ကာလ ပဲမျိုးစုံစိုက်ပျိုးထွက်ရှိနိုင်မှုကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ၊ ပထမအကြိမ် ခန့်မှန်းစာရင်းထုတ်ပြန်ခဲ့မှုအောက်သို့ လျော့ချခဲ့ ကြောင်းတွေ့ရှိရသည်။

ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုအား ယခင်နှစ်ထွက်ရှိမှုထက်တန်ချိန် ၂.၆၇ သန်းပိုမို၍ ၂၀၁၉-၂၀၂၀ ခုနှစ်၌ အထွက် ပမာဏ တန်ချိန် ၃၄.၁၉ သန်း ရရှိရန်ခန့်မှန်းထားပြီး ကြံစိုက်ပျိုးမှု မှာမူ ယခင်နှစ်အောက် တန်ချိန် ၅၁.၅၇ သန်းလျော့ကျပြီး စုစုပေါင်းတန်ချိန် ၃၅၃.၈၅ သန်းသာ ထွက်ရှိနိုင်မည်ဟု အိန္ဒိယစိုက်ပျိုးရေးဌာနကဖော်ပြပါသည်။

ယခုနှစ် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ကောင်းမွန်ခြင်းက ပြည်တွင်းရှိစားသုံးသူများ အတွက် ဈေးနှုန်းသက်သာမှု ရရှိစေမည်ဖြစ်ဖြစ်သော်လည်း အခြားတစ်ဖက်တွင် အစိုးရအနေဖြင့် ပြည်တွင်းဈေးကွက် လိုအပ်ချက်ထက် ပိုမိုထွက်ရှိလာသည့် ဂျုံကဲ့သို့သောသီးနှံများအတွက် ရိတ်သိမ်းချိန်လွန်ကာလ သိုလှောင်ထိန်းသိမ်းမှုများကို စနစ်တကျလုပ်ဆောင်နိုင်ရန် လိုအပ် လျက်ရှိသည်။ ပြည်တွင်းမှထွက်ရှိသည့် ဂျုံပမာဏ၏ သုံးပုံတစ်ပုံခန့်ကို Food Corporation of India ကဲ့သို့သော နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများက နှစ်စဉ်ဝယ်ယူသိုလှောင်လျက်ရှိရာ ယခုနှစ်၌ အစိုးရက ဂျုံတန်ချိန် ၂၈ သန်းမှ ၃၇ သန်းအထိ ဝယ်ယူ ဖွယ်ရာရှိသည်။

Source: 1. "India's 2019–20 foodgrain production to hit a record high of 291.95 million tonnes", 18 Feb 2020, Economic Times

2. "Record wheat output expected, arranging storage for harvest a worry", 18 Feb 2020, Business Standard

3. “Second Advance Estimates of Production of Foodgrains, Oilseeds and other Commercial Crops for 2019-20”, 18 Feb 2020, Press release of Ministry of Agriculture & Farmers Welfare of India

စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့

## STOCK EXCHANGE (24.2.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 24th Feb. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 12,000 | 1,604 | 19,248,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,000 | +50 | +1.27% | 3,950 | 4,000 | 3,950 | 3,367 | 13,366,600 | 38,929,150 | 155,717 |
| MCB | 00003 | 8,700 | +500 | +6.10% | 8,700 | 8,700 | 8,700 | 10 | 87,000 | 10,400,986 | 90,489 |
| FPB | 00004 | 22,500 | -500 | -2.17% | 22,500 | 22,500 | 22,500 | 72 | 1,620,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 94 | 272,600 | 12,823,224 | 37,187 |

## Market summary

As of 24th Feb. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 485.18 | +4.32 | +0.90% | 483.76 | 485.18 | 483.76 | 5,147 | 34,594,200 | 5 | 664,367 |

### Index chart



# Market Overview

As of 1:00 pm, 24th Feb. 2020

| MYANPIX | 485.18 ▲ 4.32 |
|---|---|
| Total Volume (shares) | 5,147 |
| Total Value (MMK) | 35 mil |
| Listed Company | 5 |
| Market Cap. (MMK) | 664,367 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 4,000 | ▲ 50 |
| MCB | 00003 | 8,700 | ▲ 500 |
| FPB | 00004 | 22,500 | ▼ 500 |
| TMH | 00005 | 2,900 | ▲ 0 |

TIR